မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

December 20 , 2024 | Volume 85 , Number 15

၂၀.၁၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၈၁.၆၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၅.၆၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၂၅.၉၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၉.၈၈ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၇၁ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၇၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၉၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၅.၈၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၈၄ ကျပ် |

## အာဆီယံ + ၃ အရေးပေါ်ဆန် အရန်ရိက္ခာအစီအစဉ်မှ ဆန်တန်ချိန် ၃၅၀၀ ကို ၂၀၂၅ ခုနှစ်အတွင်း သဘာဝဘေးကြုံပါက ဖြန့်ဖြူးရန် စီစဉ်ထား




အာဆီယံ+၃ အရေးပေါ်ဆန် အရန်ရိက္ခာ အစီအစဉ်မှ လာမည့် ၂၀၂၅ ခုနှစ်အတွက် ဆန်တန်ချိန် ၃၅၀၀ ကို သဘာဝဘေးကြုံပါကဖြန့်ဖြူးရန်စီစဉ်ထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက သိရပါတယ်။

ထိုသို့ ထောက်ပံ့မှုများအတွက် အာဆီယံ+၃ အရေးပေါ်ဆန် အရန်ရိက္ခာ အစီအစဉ်ရဲ့ ASEAN Plus Three Emergency Rice Reserve (APTERR)လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့၏ အစည်းအဝေးကို ဒီဇင်ဘာ ၁၈ ရက်နေ့ကအဆိုပါဝန်ကြီးဌာနရုံးမှာကျင်းပပြုလုပ်ခဲ့ကြောင်းလည်း သိရပါတယ်။

APTERR အစီအစဉ်တွင် အရေးပေါ်သတ်မှတ်ချက်အဆင့် ၁ အနေဖြင့်သတ်မှတ်ဆန်အား စီးပွားရေးနည်းလမ်းဖြင့်ဖြန့်ဝေခြင်း၊ အရေးပေါ်သတ်မှတ်ချက်အဆင့် ၂ အနေဖြင့် သတ်မှတ်ဆန်အားကာလရှည်ချေးငွေအကူအညီဖြင့်ဖြန့်ဝေခြင်း၊အရေးပေါ်သတ်မှတ်ချက်အဆင့် ၃ အနေဖြင့် သိုလှောင်ဆန်အား အကူအညီဖြင့်ဖြန့်ဝေခြင်းတို့အား ဆောင်ရွက်လျက်ရှိနေကြောင်း သိရပါတယ်။

“APTERR အစီအစဉ်-၃ အရ ၂၀၂၃ ခုနှစ်ကလည်း ဆန်ရိက္ခာဖြန့်ဖြူးလှူဒါန်းမှုရှိခဲ့သလို၊ APTERR အစီအစဉ်-၃ အရ၂၀၂၄ ခုနှစ်ကလည်း လှူဒါန်းမှုတွေရှိခဲ့ပါတယ်။ အခုကတော့၂၀၂၅ခုနှစ်အတွက်ဖြစ်ပါတယ်”လို့စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ


ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

လာမည့် ၂၀၂၅ ခုနှစ်အတွက်ကိုလည်း APTERR အစီအစဉ်-၃ ၂၀၂၄ ဖြင့် ကိုရီးယား သမ္မတနိုင်ငံမှ ဆန်တန်ချိန် ၃၀၀၀ နှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ငွေသားထောက်ပံ့မှုဖြင့် ဆန်တန်ချိန် ၅၀၀ တို့ကိုလက်ခံသိုလှောင်ဖြန့်ဖြူးခွင့်ရရှိခဲ့တာဖြစ်ပြီး အဆိုပါအရန်ဆန်များကို ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌သဘာဝဘေးအန္တရာယ်များကြုံတွေ့ရပါက ဘေးသင့်ပြည်သူများထံ APTERR၏အရန်ဆန်ဖြန့်ဖြူးခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီဖြန့်ဖြူးလှူဒါန်းသွားမည်ဖြစ်ကြောင်းလည်း သိရပါတယ်။

**Source :** https://htwettoe.com/

## တညင်းကုန်းဈေးတွင်လူသုံးကုန်ပစ္စည်းများ ဝယ်ယူနိုင်တော့မည်




တညင်းကုန်းဈေးရုံကြီးတွင်ဟင်းသီးဟင်းရွက်၊မီးဖိုချောင်သုံးပစ္စည်းများအပြင် လူသုံးကုန်ပစ္စည်းများကိုပါ မကြာခင်ဝယ်ယူနိုင်တော့မည်ဖြစ်ကြောင်း Myanmar Agro Exchange (MAEX)ကုမ္ပဏီက သိရသည်။

လက်ရှိတွင်အဆိုပါဈေးရုံကိုအကောင်အထည်ဖော်ဆောင်ရွက်နေပြီးလာမည့် ၂၀၂၅ခုနှစ်၊ ဧပြီလတွင်ဖွင့်လှစ်နိုင်ရန်ရည်ရွယ်ထားကြောင်း သိရသည်။

“တစ်နေရာတည်းမှာ ဟင်းသီးဟင်းရွက်၊ မီးဖိုချောင်သုံးအပါအဝင် အခုလူသုံးကုန်ပစ္စည်းတွေကိုပါ ဝယ်ယူလို့ရနိုင်အောင် ရည်ရွယ်ပြီးလုပ်ဆောင်တာပါ”ဟု Myanmar Agro Exchange (MAEX) ကုမ္ပဏီက တာဝန်ရှိသူတစ်ဦးက ပြောသည်။

တညင်းကုန်းဈေးစီမံကိန်းကို အဆင့်လေးဆင့်ပိုင်းခြား၍တည်ဆောက်နေပြီး ၂၀၂၇ ခုနှစ်တွင် ပြီးစီးရန် စီစဉ်ထားကြောင်း ၊ လက်ရှိတွင် ဈေးဆိုင်ခန်းပေါင်း ၇၀၀၀ ကျော် ပြီးစီးနေပြီး ၆၉၀၀ ကို ငှားရမ်းထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါဈေးသို့ နေ့စဉ်ကုန်ကား ၃၀ ကျော် အဝင်အထွက်ရှိပြီး ပုံမှန်ဝယ်ယူသည့် ယာဉ်အစီးရေသည် ၃၀,၀၀၀ ကျော်ရှိကြောင်း သိရသည်။

**Source : Popular News Journal**

## ဆီးသီးစိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက်



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ မုံပင်နှင့် ကံကြီးကျေးရွာတို့တွင် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာနှစ်ရှည်သီးနှံတစ်မျိုးဖြစ်သော ဆီးပင်များကိုလည်းစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဆီးပင်စိုက်ပျိုးရာတွင် ကိုင်းကူးပျိုးပင်များကို ဝယ်ယူ၍ ဇွန်လတွင် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီး ၂-၃ နှစ်ခန့်အကြာတွင် ဆီးသီးများစတင်သီး၍ နိုဝင်ဘာလတွင် ဆီးသီးများစတင်ထွက်ပေါ်ပြီး ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း၊ ရာသီဥတုဒဏ်ခံနိုင်ပြီး အထွက်နှုန်းနှင့်အလုံးကြီး၍ အရည်အသွေးနှင့် အရသာကောင်းမွန်သော ဆီးသီးမျိုးများကို နှစ်ပေပတ်လည်ကျင်းတူး၍ ၁၅ ပေအကွာအဝေးဖြင့် စိုက်ပျိုးကြကြောင်း၊ စတင်စိုက်ပျိုးသည့်အချိန်တွင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၂,၅၀၀,၀၀၀-၃,၀၀၀,၀၀၀ ခန့်ကုန်ကျပြီး နှစ်ရှည်သီးနှံဖြစ်သည့် အတွက် ဆီးသီးများ စတင်ထွက်ပေါ်ပြီးနောက် ကုန်ကျစရိတ်နည်းပါးလာကြောင်း၊ ဆီးသီးများကို ခုနှစ်ရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး

စတင်ထွက်ပေါ်ချိန်မှ ရာသီကုန်သည်အထိ သုံးလအကြာ ခူးဆွတ်ရကြောင်း၊ စတင်ခူးဆွတ်ချိန်တွင် ဆီးသီး ၁၀ ပြည်ပါ ဖာ ၂၀ ခန့် ထွက်ရှိပြီး လှိုင်လှိုင်ထွက်ပေါ်ချိန်တွင် ဖာ ၃၀-၃၅ အထိ ထွက်ရှိရာ တစ်ကေလျှင် စုစုပေါင်း ပျမ်းမျှ အထွက်နှုန်းအနေဖြင့် ဖာ ၅၀ ခန့် ထွက်ရှိကြောင်း၊ အလုံးအသေးအကြီးပေါ် မူတည်၍ ဆီးသီး ၁၀ ပြည်ပါ တစ်ဖာလျှင် လက်ကားဈေး ငွေကျပ် ၂၀၀၀၀-၂၂၀၀၀ ဖြင့်လည်းကောင်း၊ လက်လီဈေးအလုံးကြီး တစ်ပြည်လျှင် ငွေကျပ် ၃၀၀၀၊ အလုံးသေးတစ်ပြည်လျှင် ငွေကျပ် ၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် မန္တလေး၊ အောင်ပန်း၊ တောင်ကြီးနှင့် ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ယိုစုံလုပ်ငန်းရှင်များကလည်း ဆီးသီးခြံအထိ လာရောက်ဝယ်ယူကြကြောင်း၊ တစ်ကေလျှင် စုစုပေါင်းငွေကျပ် သိန်း ၂၀ ခန့် အမြတ်ရရှိပြီး အထွက်နှုန်းနှင့် ဈေးနှုန်းအပေါ်မူတည်၍ အကျိုးအမြတ်များ ပိုမိုရရှိကြောင်း သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## ပခုက္ကူမြို့၏ သကြားပြောင်းဖူးဈေးကွက်



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ကုန်စိမ်းသီးနှံမျိုးစုံရောင်းဝယ်ရေးဈေးကွက်သို့ ပခုက္ကူမြို့နယ်အတွင်းရှိ ညောင်လှ၊ နန်းတော်ရပ်၊ သံပရာပင်ကုန်း၊ ဘောလုံးခုံကျေးရွာများနှင့် အခြားမြို့နယ်များဖြစ်သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိကျောက်ပန်းတောင်း၊ ပုပ္ပါးနှင့် ညောင်ဦးမြို့နယ်အတွင်းရှိ အထက်ညဥ့်၊ အောက်ညဥ့်ကျေးရွာများမှ သကြားပြောင်းဖူးများဝင်ရောက်ရောင်းဝယ်လျက်ရှိပြီး ယခုမိုးအကုန် ဆောင်းအကူးရာသီတွင်စိုက်ခင်းထွက်သကြားပြောင်းဖူးပေါ်ချိန်ဖြစ်သော်လည်း ဈေးနှုန်းကျဆင်းခြင်းမရှိဈေးအမြင့်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ(ပထမပတ်)တွင် သကြားပြောင်းဖူး အကြီး၊ အသေးနှင့်အဆန်အောင်မြင်မှုအပြင် သီးနှံလတ်ဆတ်မှုပေါ်မူတည်၍ သကြားပြောင်းဖူးတစ်ဖူးလျှင် ငွေကျပ် ၃၀၀-၈၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ယခင်နှစ်က ပြောင်းဖူးထွက်ချိန်တွင် သကြားပြောင်း တစ်ဖူးလျှင် ငွေကျပ် ၂၀၀-၄၀၀ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခင်နှစ်နှင့်ယခုနှစ်ဈေးနှုန်းနှိုင်းယှဉ်ပါကတစ်နှစ်အတွင်းသကြားပြောင်းဖူးတစ်ဖူးလျှင်ကျပ် ၄၀၀ ခန့် ဈေးမြင့်တက်ပြီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ယခုအချိန်တွင်သကြားပြောင်းဖူးဈေးကွက်ကောင်းမွန်ပြီးအရောင်းအဝယ်ဖြစ်နေကြောင်း၊ကုန်စိမ်းဈေးကွက်သို့ ရောက်ရှိသည့်သကြားပြောင်းဖူးများကိုမြို့ပေါ်ရှိ စားသောက်ဆိုင်များ၊တွန်းလှည်းဈေးသည်များ၊အကြော်ဆိုင်များ နှင့် စားသုံးပြည်သူများမှ နှစ်စဉ်ဝယ်ယူသုံးစွဲလျက်ရှိကြောင်း၊သကြားပြောင်းဖူးမှာဈေးကွက်သို့ဝင်သလောက် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**Source : DOCA(မကွေး)**

https://www.doca.gov.mm/

## ရန်ကုန်မြို့ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တစ်ရက်လျှင် ကြက်သွန်နီပိဿာ တစ်သိန်းခွဲခန့် ဝင်ရောက်



ရန်ကုန်မြို့ရှိဘုရင့်နောင်ကုန်စည်ဒိုင်သို့ ယခုရက်ပိုင်းအတွင်း တစ်ရက်လျှင် ကြက်သွန်နီပိဿာတစ်သိန်းခွဲခန့်ဝင်ရောက်လျက်ရှိကြောင်းသိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်သို့နယ်စုံမှမိုးကြက်သွန်နီအသစ်များဝင်ရောက်နေခြင်းဖြစ်ပြီး ယခုရက်ပိုင်းအတွင်းကြက်သွန်နီအဝင်များနေကြောင်း သိရသည်။

“ဒီရက်ပိုင်း ဘုရင့်နောင်ကုန်စည်ဒိုင်ကို ကြက်သွန်နီပိဿာ တစ်သိန်းခွဲလောက် နေ့စဉ်အဝင်ရှိနေပါတယ်။ လဆန်းပိုင်းကထက် ပိုမိုဝင်ရောက်နေပါတယ်။လဆန်းပိုင်းတုန်းက ပိဿာကိုးသောင်းလောက်ဝင်တယ်။ လက်ရှိဝင်နေတာက မိုးကြက်သွန်နီတွေပါ” ဟု ဘုရင့်နောင် ကုန်စည်ဒိုင်မှ ကြက်သွန်နီကုန်သည်တစ်ဦးက ပြောသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ မြစ်သား၊မြင်းခြံ၊ပခုက္ကူစသည့်မြို့နယ်များမှ ကြက်သွန်နီများဝင်ရောက်ပြီးနယ်စုံသို့ ပြန်လည်ဖြန့်ဖြူးရောင်းချကြောင်း သိရသည်။

နွေကြက်သွန်နီများသည် အရည်အသွေးကောင်းမွန်ပြီး တာရှည်ခံသောကြောင့် ကြက်သွန်ကုန်သည်နှင့် ဝယ်လက်များက ကြိုက်နှစ်သက်ပြီး သိုလှောင်ရောင်းချကြသည်။

မိုးကြက်သွန်နီများမှာ အစိုဓာတ်များသောကြောင့် သိုလှောင်သူများ ကြိုက်နှစ်သက်မှုနည်းကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ကြက်သွန်နီကို နေရာအနှံ့အပြား၌ စိုက်ပျိုးလေ့ရှိကြကာ မြစ်သား၊မြင်းခြံ၊ပခုက္ကူစသည့်ဒေသများမှ ထွက်ရှိသည့် ကြက်သွန်နီများကို လူကြိုက်များကြောင်း သိရသည်။

**Source : မြဝတီသတင်းစာ**

## မြစ်သားမြို့နယ်တွင် ထောပတ်ပဲသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ ရစ်ကန်၊ ရိုးကန်၊ ညောင်ဝန်စသည့် ကျေးရွာများတွင်သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာထောပတ်ပဲသီးနှံကို အများဆုံးစိုက်ပျိုးပြီးစိုက်ဧက ၁၆၀ ခန့်စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများ အရ သိရသည်။

ထောပတ်ပဲသီးနှံကိုအောက်တိုဘာလတွင်စတင်စိုက်ပျိုးပြီး ၂ လခွဲခန့်အကြာတွင် ခူးဆွတ်ရိတ်သိမ်းနိုင်ကြောင်း၊ ထောပတ် ပဲပင်ပြန့်မျိုးများကိုအများဆုံးစိုက်ပျိုးကြပြီးတစ်ဧကလျှင် ထောပတ်ပဲမျိုး ၄-၅ ပြည်ခန့်ကုန်ကျကြောင်း၊ ထောပတ်ပဲသီးနှံစိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲမျိုးစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၂၀၀,၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ထောပတ်ပဲ ၁၀-၁၂ တင်းခန့်ထွက်ရှိပြီး တစ်တင်းလျှင် ငွေကျပ် ၈၅,၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ဧကလျှင် ငွေကျပ် ၆၅၀,၀၀၀ခန့်အမြတ်ရရှိခဲ့ကြောင်း၊ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးနှင့်ရန်ကုန်တိုင်းဒေသကြီးသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ဒီဇင်ဘာလ၊ တတိယပတ်တွင်ထောပတ်ပဲတစ်တင်းလျှင် ငွေကျပ် ၉၀,၀၀၀ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုအချိန်တွင် ထောပတ်ပဲသီးနှံစိုက်ခင်းများမှာ အသီးအပွင့်များဝေဆာ၍အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီးမကြာမီအချိန်တွင် ရိတ်သိမ်းရမည်ဖြစ်ကြောင်း၊ထောပတ်ပဲသီးနှံသည် စိုက်ပျိုးစရိတ်သက်သာ၍အကျိုးအမြတ်ရရှိသောကြောင့် နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း ထောပတ်ပဲစိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source : DOCA (မန္တလေး)**

https://commerce.gov.mm/

## အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနသည် စိုက်ပျိုးရေးနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်၊ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားရန်နှင့် ဈေးနှုန်းများလျှော့ချရန် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခဲ့

အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနသည် စိုက်ပျိုးရေးနှင့်စီးပွားရေးလုပ်ငန်းများတိုးတက်ရန်၊ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားရန်နှင့် စားသုံးသူများအတွက် ဈေးနှုန်းများလျှော့ချရန် ပြည်နယ် ၉ ခု တွင် ဓာတ်မြေဩဇာထုတ်လုပ်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့ကြောင်း ထုတ်ပြန်ခဲ့ပါသည်။

အမေရိကန်စိုက်ပျိုးရေးဝန်ကြီးက ပြည်တွင်းကုန်ထုတ်လုပ်မှုကွင်းဆက်ရှိလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူများအတွက် ကုန်ကျစရိတ်လျှော့ချပေးပြီး ရွေးချယ်စရာပို၍များပြားစေသည်ဟုပြောကြားခဲ့ပါသည်။

ဓာတ်မြေဩဇာများကို ပြည်တွင်း၌ထုတ်လုပ်ခြင်းဖြင့် အမေရိကန်နိုင်ငံသားများကိုအလုပ်အကိုင်ဖန်တီးပေးခြင်း၊ မိသားစုများ၏ ကုန်ကျစရိတ်လျှော့ချခြင်းနှင့်စိုက်ပျိုးထုတ်လုပ်သူများဝင်ငွေတိုးတက်ခြင်းတို့ကိုတစ်ဖက်တစ်လမ်းကပံ့ပိုးပေးရာ ရောက်ကြောင်း၊ အမေရိကန် စိုက်ပျိုးရေးဝန်ကြီးဌာနသည် ကယ်လီဖိုးနီးယား၊ ကော်လိုရာဒို၊ ဂျော်ဂျီယာ၊ အင်ဒီးယားနား၊ အိုင်အိုဝါ၊ ကန်းဆက်၊ မီချီဂန်၊ အိုကလာ ဟိုးမားနှင့် ဝင်စကွန်စင်ပြည်နယ်များတွင် ဓာတ်မြေဩဇာထုတ်လုပ်သည့်အစီအစဉ်၌ အမေရိကန် ဒေါ်လာ ၁၁၆ သန်းကျော် ရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊ ပြည်နယ်၃၄ ပြည်နယ်နှင့် ပေါ်တိုရီကိုနိုင်ငံတို့တွင်လည်း ဓာတ်မြေဩဇာထုတ်လုပ်သည့် စက်ရုံ ၇၆ ရုံတည်ထောင်၍ အမေရိ ကန်ဒေါ်လာ ၅၁၇ သန်း ရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊ ယင်းလုပ်ငန်းများမှ ဓာတ်မြေဩဇာတန်ချိန် ၁၁ ဒသမ ၈ သန်း အားနှစ်စဉ်ထုတ်လုပ်ပေးလျက်ရှိပြီးအလုပ်အကိုင်အရေအတွက် ၁,၃၀၀ကျော်ဖန်တီးပေးခဲ့ပါကြောင်းနှင့်အဆိုပါဓာတ်မြေဩဇာထုတ်လုပ်မှုတိုးချဲ့ဆောင်ရွက်ရေးအစီအစဉ်သည်သမ္မတဂျိုးဘိုင်ဒင်အစိုးရ လက်ထက်မှစ၍အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနကအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အစီအစဉ်တစ်ရပ်ဖြစ်ကြောင်း သိရသည်။

**Source: စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ။**

https://myantrade.gov.mm/

## တောင်ကိုရီးယားနိုင်ငံသုံး ဝမ်ငွေတန်ဖိုးသည် ၁၅ နှစ်အတွင်းအနိမ့်ဆုံးတန်ဖိုးသို့ ပထမဆုံးအကြိမ် ရောက်ရှိကျဆင်းလာ

တောင်ကိုရီးယားနိုင်ငံသုံး ဝမ်ငွေတန်ဖိုးသည် ၁၉-၁၂-၂၀၂၄ ရက်နေ့ ဈေးကွက်အဖွင့်တွင် ၁၅ နှစ်အတွင်း အနိမ့်ဆုံးတန်ဖိုး အမေရိကန်တစ်ဒေါ်လာလျှင် ၁၄၅၃ ဝမ် သို့ ပထမဆုံးအကြိမ် ကျဆင်းလာခဲ့ပါသည်။

အဆိုပါနှုန်းထားသည်၁၈-၁၂-၂၀၂၄ ရက်နေ့ဈေးကွက်အပိတ်နှုန်းထားနှင့်နှိုင်းယှဉ်လျှင် တစ်ဒေါ်လာလျှင် ၁၇ ဒသမ ၅ ဝမ် ခုန်တက်လာခြင်းဖြစ်ပါသည်။

၁၉-၁၂-၂၀၂၄ ရက်နေ့ ငွေကြေးဈေးကွက်အဖွင့်တွင် ဖြစ်ပေါ်ခဲ့သောအမေရိကန်ဒေါ်လာနှင့် ဝမ်ငွေလဲနှုန်းသည် လွန်ခဲ့သည့် ၁၅ နှစ် (၁၆-၃-၂၀၀၉ ရက်နေ့ငွေလဲနှုန်း)က ငွေလဲနှုန်းဖြစ်သည့် အမေရိကန်တစ်ဒေါ်လာလျှင် ၁၄၈၈ ဒသမ ၅ ဝမ်ပြီးလျှင် အနိမ့်ဆုံးနှုန်းထားအဖြစ် မှတ်တမ်းဝင်ခဲ့ပါသည်။

ယင်းသို့ ဝမ်ငွေတန်ဖိုး တစ်ညအတွင်း ရုတ်တရက်ကျဆင်းလာရသည့် အဓိကအကြောင်းရင်းမှာ အမေရိကန်ပြည်ထောင်စုက စံသတ်မှတ်အတိုးနှုန်းကို သုည ဒသမ ၂၅ ရာခိုင်နှုန်း ထပ်မံလျှော့ချကြောင်း ကြေညာလိုက်ခြင်းကြောင့်ဖြစ်ပါသည်။

အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်သည် ပြည်တွင်း စံသတ်မှတ်အတိုးနှုန်းကို ၄ ဒသမ ၇၅ ရာခိုင်နှုန်းသတ်မှတ်ထားရာမှ သုည ဒသမ ၂၅ ရာခိုင်နှုန်းလျှော့ချကာ ၄ ဒသမ၅ ရာခိုင်နှုန်းသို့ပြောင်းလဲသတ်မှတ်ကြောင်း ၁၈-၁၂-၂၀၂၄ ရက်နေ့တွင် ကြေညာခဲ့ပါသည်။

**Source:** https://koreajoongangdaily.joins.com/news/2024-12-19/business/economy/Won-hits-15year-low-

breaches-

1450-mark-for-first-time-since-financial-crisis/2204419

https://www.investing.com/economic-calendar/interest-rate-decision-168

**စီးပွားရေးသံမှူး၊ ဆိုးလ်မြို့။**

https://myantrade.gov.mm/

## ဒေါ်နယ်ထရမ့်၏ ပထမအကြိမ်ကုန်သွယ်ရေးစစ်ပွဲတွင် အကြီးအကျယ်အနိုင်ရခဲ့သည့် ဗီယက်နမ်နိုင်ငံ

ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်၏ ပထမအကြိမ် တရုတ်နှင့်ကုန်သွယ်ရေးစစ်ပွဲအတွင်း ဗီယက်နမ်နိုင်ငံသည် အကျိုးရှိခဲ့သော်လည်းဒေါ်နယ်ထရမ့်၏ဒုတိယအကြိမ်တရုတ်နှင့်ကုန်သွယ်ရေးစစ်ပွဲတွင်ကုန်သွယ်ရေးပစ်မှတ်တစ်ခုဖြစ်လာနိုင်ကြောင်း Wall Street Journal အွန်လိုင်း သတင်း၌ ၁၆-၁၂-၂၀၂၄ ရက်တွင် ဖော်ပြခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံသည် တရုတ်ကုန်ထုတ်လုပ်ငန်းများအတွက် ၎င်းတို့၏ကုန်ပစ္စည်းများကို အမေရိကန်နိုင်ငံသို့ အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ခွင့်ရရှိရန် ကုန်ထုတ်လုပ်မှုအခြေခံရာနိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ကြောင်း၊ ဒေါ်နယ်ထရမ့်နှင့် ၎င်း၏ ကုန်သွယ်ရေးအကြံပေးများက ဒုတိယအကြိမ်အစိုးရသက်တမ်းအတွင်း ယင်းအခွင့်အလမ်းများကိုပိတ်သိမ်းရန် အချက်ပြလျက် ရှိကြကြောင်း၊ အကယ်၍ ထိုသို့ပိတ်သိမ်းလိုက်ပါက အရှိန်အဟုန်ဖြင့်တိုးတက်လျက်ရှိသည့် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးကို ထိခိုက်နိုင်ပြီး ဗီယက်နမ်နိုင်ငံမှသွင်းကုန်များ ဈေးနှုန်းမြင့်တက်ကာ ဗီယက်နမ်စက်ရုံများနှင့် အလုပ်လုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီများကိုပါသက်ရောက်မှုရှိလာနိုင်ကြောင်း၊ ဒေါ်နယ်ထရမ့်၏ပထမအကြိမ်သမ္မတသက်တမ်းတွင် တရုတ်နိုင်ငံမှသွင်းကုန်များကို အကောက်ခွန်ကောက်ခံခဲ့သည့် အကျိုးဆက်ကြောင့်ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးသည် ၈ ရာခိုင်နှုန်းခန့်ကြီးမားလာခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် အမေရိကန်နိုင်ငံသို့တင်ပို့သည့် ပို့ကုန်မြင့်တက်ခဲ့ကြောင်း၊ အမေရိကန်နိုင်ငံက ဗီယက်နမ်နိုင်ငံမှ အားကစားဖိနပ်သွင်းကုန်သည် ယင်းသွင်းကုန်အားလုံး၏ သုံးပုံတစ်ပုံခန့်၊ သစ်သားမွေ့ရာနှင့် စားပွဲသွင်းကုန်သည် ယင်းသွင်းကုန်အားလုံး၏ ထက်ဝက်ခန့်နှင့် ဆိုလာပြားတင်သွင်းမှုသည် ယင်းသွင်းကုန်အားလုံး၏ လေးပုံတစ်ပုံခန့်ရှိလာခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံမှ သွင်းကုန်တင်သွင်းသည့် အမေရိကန်ကုမ္ပဏီများတွင် Apple ၊ Nike နှင့် Gap တို့ပါဝင်ကြောင်း၊ ဒေါ်နယ်ထရမ့်၏ အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်အဖြစ်ရွေးချယ်လျာထားသူ Mr. Jamieson Greer က တရုတ်ကုမ္ပဏီများ၏ လက်အောက်ခံကုမ္ပဏီများသည်တတိယနိုင်ငံတစ်ခုခုတွင်တရုတ်နိုင်ငံမှပစ္စည်းအစိတ်အပိုင်းအများအပြားဖြင့် ထုတ်လုပ်ထားသော ကုန်ပစ္စည်းများကို အမေရိကန်နိုင်ငံသို့ အကောက်ခွန်များပေးဆောင်ရခြင်းမရှိဘဲ ဝင်ရောက်လာခဲ့ကြပြီး အမေရိကန်အနေဖြင့် ယင်းသို့ဝင်ရောက်လာခြင်းကိုကာကွယ်ရန် ကုန်သွယ်ရေးစည်းမျဉ်းများကို တင်းကျပ်သင့်သည်ဟု ၂၀၂၄ ခုနှစ်၊ မေလတွင် ပြောကြားခဲ့ကြောင်း၊ Mr. Jamieson Greer ရည်ညွှန်းသည့်တတိယနိုင်ငံများသည် ဗီယက်နမ်နှင့် မက္ကဆီကိုနိုင်ငံများဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခြင်းမပြုခဲ့သော်လည်း တရုတ်ကုမ္ပဏီများသည် အမေရိကန်နိုင်ငံ၏ဈေးကွက်သို့ ဝင်ရောက်ရန် မက္ကဆီကိုနှင့် ဗီယက်နမ်နိုင်ငံတို့တွင်လုပ်ငန်းများတည်ထောင်ခဲ့ကြကြောင်း၊ ရွေးကောက်ခံသမ္မတကအမေရိကန်နိုင်ငံ၏သွင်းကုန်အားလုံးကို အကောက်ခွန်သတ်မှတ်ကောက်ခံမည်ဟုပြောကြားထားရာ ဗီယက်နမ်သည်လည်း အစိုးရသစ်အတွက် ကုန်သွယ်ရေးပစ်မှတ် တစ်ခုဖြစ်လာနိုင်ကြောင်း၊ အမေရိကန်သို့ဗီယက်နမ်မှ တင်ပို့သည့်ပို့ကုန်သည် အမေရိကန်မှဗီယက်နမ်သို့ တင်ပို့သည့် ပို့ကုန်ထက် ၉ ဆပိုများပြီး အမေရိကန်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်များဖြစ်သော တရုတ်၊ မက္ကဆီကိုနှင့် ဥရောပသမဂ္ဂတို့ပြီးလျှင် ဗီယက်နမ်နိုင်ငံမှ သွင်းကုန်အများဆုံးဖြစ်ကြောင်း သိရသည်။

ဒေါ်နယ်ထရမ့်သည် တရုတ်နှင့် မက္ကဆီကိုနိုင်ငံတို့နှင့်ကုန်သွယ်ရေးအပေါ် အဓိကအာရုံစိုက်လျက်ရှိသဖြင့် ဗီယက်နမ်နိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှုများအများအပြား ဝင်ရောက်လာနိုင်သည်ဟုလည်း သုံးသပ်သူများရှိကြောင်း၊ ဒေါ်နယ်ထရမ့်က ဗီယက်နမ်မှ သွင်းကုန်များကို တရုတ်နိုင်ငံမှသွင်းကုန်များအောက် အကောက်ခွန်လျော့နည်းကောက်ခံပါက ဗီယက်နမ်အနေဖြင့် ၎င်း၏

နေရာကိုဆက်လက်ထိန်းထားနိုင်မည်ဖြစ်ကြောင်း၊ နည်းပညာကုမ္ပဏီအချို့သည်လည်းဗီယက်နမ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြကြောင်း၊ အမေရိကန်ချစ်ပ်(Chip)ထုတ်လုပ်သည့်ကုမ္ပဏီ Nvidia ကလည်း ဗီယက်နမ်နိုင်ငံတွင် ဉာဏ်ရည်တု သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ တစ်ခုဖွင့်လှစ်ရန်စီစဉ်လျက်ရှိသည်ဟု ပြောကြားခဲ့ကြောင်း၊ တောင်ကိုရီးယားလျှပ်စစ် ပစ္စည်းကုမ္ပဏီတစ်ခုဖြစ်သည့် Samsung သည် ဗီယက်နမ်နိုင်ငံတွင် အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံခဲ့ပြီး စက်ရုံသစ်တစ်ခုတည်ဆောက်ရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံ ထပ်မံရင်းနှီးမြှုပ်နှံရန် သဘောတူထားပြီးဖြစ်ကြောင်း၊ Apple ကုမ္ပဏီကလည်း ၎င်း၏ iPads ၊ MacBooks နှင့် Earphones များကိုအရှေ့တောင်အာရှနိုင်ငံများတွင် ထုတ်လုပ်လာခဲ့ရာ ဗီယက်နမ်နိုင်ငံတွင်၎င်း၏ပစ္စည်းများ ထုတ်လုပ်သည့်မိတ်ဖက်စက်ရုံပေါင်း ၃၅ အထိ တိုးလာခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ငယ်ရွယ်ပြီးလုပ်ခစျေးပေါသောလူငယ်အလုပ်သမားထုရှိပြီး တရုတ်နိုင်ငံနှင့် နယ်နိမိတ်ထိစပ်လျက်ရှိရာ တရုတ်နိုင်ငံမှပစ္စည်းများနှင့် အစိတ်အပိုင်းများကို စက်ရုံများသို့ အလွယ်တကူသယ်ယူနိုင်ကြောင်း၊ ၂၀၂၅ ခုနှစ်၊ နိုဝင် ဘာလတွင် အမေရိကန်ဖက်ရှင် ကုမ္ပဏီ Steve Madden နှင့် ဂေါ့ဖ်ပစ္စည်းများထုတ်လုပ်သည့် Acushnet တို့သည် ဖိနပ် ထုတ်လုပ်မှုကို တရုတ်နိုင်ငံမှဗီယက်နမ်သို့ရွှေ့ပြောင်းရန် ဆွေးနွေးခဲ့ကြကြောင်း၊ ဒေါ်နယ်ထရမ့်၏ ပထမအကြိမ်သမ္မတသက်တမ်း အတွင်း ၂၀၁၆ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၈၀ ဘီလီယံအထိ ဗီယက်နမ်နိုင်ငံသို့ဝင်ရောက်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သည့် နိုင်ငံ/ဒေသများမှာတောင်ကိုရီးယား၊ဂျပန်၊ တရုတ်၊ ဟောင်ကောင်၊ စင်ကာပူတို့ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံမှ ပရိဘောဂပစ္စည်းများကို အကောက်ခွန် ၂၅ ရာခိုင်နှုန်းကောက်ခံခဲ့ပြီးနောက် အမေရိကန်နိုင်ငံ၏ လက်လီအရောင်းဆိုင်များဖြစ်သည့် Staples နှင့် Office Depot သို့ ကုလားထိုင်အဓိကတင်ပို့သည့်တရုတ်ကုမ္ပဏီ UE Chairs သည် ၂၀၁၈ ခုနှစ်တွင် ဗီယက်နမ် နိုင်ငံ၌ စက်ရုံအသစ်တည်ထောင်ခဲ့ပြီး ယင်းနောက်ပိုင်းမှစ၍ အမေရိကန်နိုင်ငံသို့တင်ပို့သည့် ပစ္စည်းများကို ဗီယက်နမ်မှတင်ပို့ခဲ့ကြောင်း၊ Uniqlo ၊ Under Armour နှင့် Gapသို့ ခြေအိတ်နှင့်အဝတ်အထည်များချုပ်လုပ်ပေးသည့် တရုတ် Zhejiang Jasan Holding Group သည်လည်း ဗီယက်နမ်နိုင်ငံ၊ Nam Dinh ပြည်နယ်တွင် စက်ရုံအသစ်တည်ဆောက်ရန်ကြေညာခဲ့ကြောင်း သိရသည်။

ဒေါ်နယ်ထရမ့်အနေဖြင့် အကောက်ခွန်တိုးမြှင့်ကောက်ခံရန်ချမှတ်နိုင်သော်လည်း စက်ရုံများကို တစ်နေရာမှ အခြားတစ်နေရာသို့ပြောင်းရွှေ့ရန် နှစ်အနည်းငယ်ကြာမြင့်နိုင်ရာ ကုမ္ပဏီများသည် အမေရိကန်မဟုတ်သည့် အခြားဈေးကွက်များသို့ ၎င်း၏ပစ္စည်းများကိုတင်ပို့လာနိုင်ကြောင်း၊နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုဗီယက်နမ်နိုင်ငံ၌လုပ်ငန်းတည်ထောင်ရန် ဝန်ဆောင်မှုပေးသည့် Seditex ကုမ္ပဏီမှ Mr. Frank Vossen က ၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ လုပ်ငန်းလုပ်ကိုင်ရန် အမေရိကန်နိုင်ငံမှစုံစမ်းမေးမြန်းမှုသည်ယခင်နှစ်ကထက်နှစ်ဆခန့်မြင့်တက်ခဲ့ကြောင်း၊ စုံစမ်းမေးမြန်းမှုအများစုမှာသတ္တုနှင့်ပလတ်စတစ်အစိတ်အပိုင်းများနှင့် ပတ်သက်သည့်လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

ထိုင်ဝမ်လျှပ်စစ်ပစ္စည်းထုတ်လုပ်သူများသည် ဒေါ်နယ်ထရမ့်ရွေးကောက်ပွဲအနိုင်ရလဒ်ထွက်ပေါ်လာပြီးနောက်တွင် ဗီယက်နမ်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုကိုပြန်လည်စဉ်းစားလျက်ရှိကြကြောင်း၊ရေချိုးခန်းသုံးအပိုပစ္စည်း၊လျှပ်စစ်မီးသီးအမျိုးမျိုးနှင့် ပရိဘောဂထုတ်လုပ်သည့် Phipps International သည် ပြည်တွင်းမှယုံကြည်စိတ်ချရသည့်ကုန်ကြမ်းအစိတ်အပိုင်းများဖြန့်ဖြူးသည့် လုပ်ငန်းရှာမရဘဲကုန်ကြမ်းအားလုံးကိုတရုတ်နိုင်ငံမှတင်သွင်းရသဖြင့် ဗီယက်နမ်ရှိ၎င်း၏စက်ရုံကို ပိတ်သိမ်းခဲ့ရကြောင်း၊ ထို့ကြောင့် လုပ်ငန်းအချို့ကိုတရုတ်သို့ ပြန်လည်ရွှေ့ပြောင်းရန်ဆောင်ရွက်လျက်ရှိပြီး တရုတ်နိုင်ငံထုတ်ပစ္စည်းများသည် အရည်အသွေးလည်းကောင်းမွန်သည်ဟု Phipps International၏ အမှုဆောင်အရာရှိချုပ် Mr. Jake Phipps ကပြောကြားခဲ့ကြောင်း သိရသည်။

**Source : စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ။**

https://myantrade.gov.mm/

## တိုယိုတာလုပ်ငန်းအား ထိုင်းနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုတိုးချဲ့မည်



Toyota Motor Corp chairman Akio Toyoda meets with Prime Minister Paetongtarn Shinawatra at Government House on Wednesday. (Photo: Chanat Katanyu)

တိုယိုတာမော်တာကော်ပိုရေးရှင်းဥက္ကဋ္ဌအခီအိုတိုယိုဒါသည် ဟိုက်ဘရစ်ကားများ ထုတ်လုပ်မှုကိုတိုးချဲ့ရန်အတွက် ထိုင်းနိုင်ငံတွင် ဘတ် ၅၅ ဘီလျံ ရင်းနှီးမြှုပ်နှံရန် ကတိပြုထားကြောင်း ထိုင်းအစိုးရထံက သိရသည်။

ယခုရင်းနှီးမြှုပ်နှံမှုသည် အလုပ်အကိုင်ဖန်တီးရေး၊ နည်းပညာလွှဲပြောင်းမှုနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်လည်းအကျိုးရှိစေမည်ဖြစ်ကြောင်း မစ္စတာတိုယိုဒါနှင့်ဝန်ကြီးချုပ်ပေတုန်တန်တို့ တွေ့ဆုံပြီးချိန်၌ပြောကြားခဲ့သည်။

သို့သော်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အသေးစိတ်အချက်အလက်များကိုမူ ထုတ် ဖော်ပြောကြားခြင်းမရှိသေးပေ။

ဆက်လက်၍ ထိုင်းနိုင်ငံရှိ ဂျပန်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် စက်မှုလုပ်ငန်းများ၊ဒေသတွင်းထုတ်လုပ်သူများနှင့် ထိုင်းစီးပွားရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများပံ့ပိုးပေးရန်နှင့် ယုံကြည်မှုမြှင့်တင်ရန် အစိုးရ၏ ကတိကဝတ်ကိုလည်း ပေတုန်တန်ကအလေးပေးပြောကြားခဲ့သည်။

မစ္စတာတိုယိုဒါက စက်မှုလုပ်ငန်းကိုကာလရှည်ကြာစွာပံ့ပိုးကူညီမှုအတွက် ဝန်ကြီးချုပ်နှင့်အစိုးရကို ကျေးဇူးတင်ရှိကြောင်းလည်းပြောကြားခဲ့သည်။

တိုယိုတာလုပ်ငန်းသည် ထိုင်းနိုင်ငံတွင် နှစ်ပေါင်း ၆၀ ကျော်လည်ပတ်ခဲ့ပြီး နိုင်ငံတွင်းအဓိကထုတ်လုပ်မှု၏ အချက်အချာအဖြစ်လည်းဆောင်ရွက်လျက်ရှိသည်။

**Source : ဘန်ကောက်ပို့စ်**

**Popular News Journal**

## STOCK EXCHANGE (20.12.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 20th Dec. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,867 (Shares) | 58,360,400 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,200 | 8,400 | 8,200 | 147 | 1,215,400 | 33,109,694 | 278,121 |
| MTSH | 00002 | 3,100 | +0 | +0.00% | 3,050 | 3,100 | 3,050 | 2,096 | 6,492,600 | 38,929,150 | 120,680 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 0 | 0 | 10,400,986 | 87,368 |
| FPB | 00004 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,950 | 93 | 181,350 | 29,664,613 | 57,846 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 150 | 450,000 | 12,823,224 | 38,470 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,650 | 1,700 | 1,650 | 851 | 1,419,150 | 19,977,223 | 33,961 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,300 | 4,500 | 4,300 | 189 | 813,300 | 10,497,598 | 47,239 |
| MAEX | 00008 | 3,150 | +50 | +1.61% | 3,100 | 3,150 | 3,100 | 4,041 | 12,528,600 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 20th Dec. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 391.62 | +0.63 | +0.16% | 385.34 | 391.62 | 385.34 | 7,567 | 23,100,400 | 8 | 738,671 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 1:00 pm, 20th Dec. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,867 (Shares) | 58,360,400 (MMK) |

| MYANPIX | 391.62 ▲ 0.63 |
|---|---|
| Total Volume (shares) | 7,567 |
| Total Value (MMK) | 23 mil |
| Listed Company | 8 |
| Market Cap. (MMK) | 738,671 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 0 |
| MTSH | 00002 | 3,100 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,950 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,150 | ▲ 50 |